**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ SSE / NM / ၃၉/ ၂၀၂၃
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက်။ (၁) မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ၁၇-၁၁-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ မဇ-၁ (၀၁)/၁-၄၃(၂၀၂၃)/၅၃၂၅

(၂) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၁၆-၁၁-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ SSE/NM/၃၈/၂၀၂၃

၁။ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression) အခြေအနေနှင့်ပတ်သက်၍ ရည်ညွှန်းချက် (၂) ပါ စာဖြင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ရေကြောင်းသတိပေးချက်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ နောက်ဆက်တွဲခန့်မှန်းချက်အနေဖြင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ၁၇-၁၁-၂၀၂၃ ရက်နေ့ မြန်မာစံတော်ချိန် (၀၅:၃၀) နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင်ဖြစ်ပေါ်ခဲ့သော အားကောင်းသောမုန်တိုင်းငယ် (Deep Depression) သည် မြောက်-အရှေ့မြောက်ဘက်သို့ဆက်လက်ရွေ့လျားခဲ့ပြီး၊ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းသို့ ရောက်ရှိခဲ့ကာ မြန်မာနိုင်ငံ၊ စစ်တွေမြို့ (Sittwe) ၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် (၂၆၀) မိုင်ခန့် ၊ မောင်တောမြို့ (Maungdaw) ၏ အနောက်-အနောက်တောင်ဘက် ရေမိုင် (၂၄၉) မိုင်ခန့် ၊ အိန္ဒိယနိုင်ငံ၊ ပါရာဒစ်မြို့ (Paradip) ၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် (၁၂၆) မိုင်ခန့် ၊ ဒီဂါမြို့ (Digha) ၏ တောင်-အရှေ့တောင်ဘက် ရေမိုင် (၁၆၇) မိုင်ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ၊ ခီပူပါရာမြို့ (Khepupara) ၏ တောင်-အနောက်တောင်ဘက် ရေမိုင် (၂၁၇) မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေပြီး အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ထားပါသည်။

၃။ အဆိုပါ အားကောင်းသောမုန်တိုင်းငယ် (Deep Depression) သည် ၁၇-၁၁-၂၀၂၃ ရက်နေ့ မြန်မာစံတော်ချိန် (၀၅:၃၀) နာရီအချိန်တွင် မြောက်လတ္တီကျု (၁၉.၃) ဒီဂရီနှင့် အရှေ့လောင်ဂျီကျု (၈၈.၁) ဒီဂရီ တွင်ရှိပြီး၊ ဗဟိုချက်လေဖိအား (၁၀၀၄) ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် (၃၅) မိုင် မှ မိုင် (၄၀) နှုန်းခန့်ဖြစ်ပါသည်။ အဆိုပါ

အားကောင်းသော မုန်တိုင်းငယ် (Deep Depression) သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် (၁၂) နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) အဖြစ်သို့ အားကောင်းလာနိုင်ကာ၊ ၁၈-၁၁-၂၀၂၃ ရက်နေ့ နံနက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေကို မောင့်ဂလာမြို့ (Mongla) နှင့် ခီပူပါရာမြို့ (Khepupara) တို့ကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းထားပါသည်။

၄။ အားကောင်းသော မုန်တိုင်းငယ် (Deep Depression) ၏ အရှိန်ကြောင့် ၁၇-၁၁-၂၀၂၃ ရက်နေ့မှ ၁၈-၁၁-၂၀၂၃ ရက်နေ့အတွင်း ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းများကျရောက်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် (၄၀) အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် (၉) ပေမှ (၁၂) ပေခန့် ရှိနိုင်ကြောင်းခန့်မှန်းထားပါသည်။

၅။ အဆိုပါခန့်မှန်းချက်အရ အားကောင်းသော မုန်တိုင်းငယ် (Deep Depression) ၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် လှိုင်းကြီးခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကမ်းရိုးတန်းသွားရေယာဉ်များ၊ ငါးဖမ်းရေယာဉ်များ၊ ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ရေယာဉ်ကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ အပျော်စီးခရီးသွားလှေများ၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်များနှင့် စက်တပ်သမ္ဗန်များ ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)